# သွေးအဆိပ်တက်ခြင်း ဖြစ်နိုင်သလား။

# သွေးအဆိပ်တက်ခြင်း



## သွေးအဆိပ်တက်ခြင်း (Sepsis) သည် **ဆေးဘက်ဆိုင်ရာ အရေးပေါ် အခြေအနေ** ဖြစ်ပြီး ချက်ချင်း ကုသရန်လိုအပ်သည်။

ခန္ဓာကိုယ်သည် ကူးစက်မှုတစ်ခုအား အလွန်အမင်း တန်ပြန်သည့်အခါ ၎င်း၏ တစ်ရှူးများနှင့်ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများအား ထိခိုက်စေခြင်းဖြင့် သွေးအဆိပ်တက်ခြင်း (Sepsis) ဖြစ်ပွားတတ်ပါသည်။ သွေးအဆိပ်တက်ခြင်း (Sepsis) ကြောင့် ခန္ဓာကိုယ် အစိတ်အပိုင်းများကို ထိခိုက်နိုင်ပြီး အသက် သေဆုံးနိုင်ပါသည်။ သွေးအဆိပ်တက်ခြင်း (Sepsis) မှ ပြန်လည်ကောင်းမွန်လာရန် အကောင်းဆုံး အခွင့်အလမ်းမှာ အလျင်အမြန် ကုသရန်ဖြစ်ပါသည်။

သင့်ကလေးတွင် သွေးအဆိပ်တက်ခြင်း (Sepsis) ဖြစ်နေသည် ဟုတ်မဟုတ် သိရှိနိုင်ရန်မှာ အပျော့စား ကူးစက်မှုများကဲ့သို့ အတူတူဖြစ်သည့် အစဦးပိုင်း လက္ခဏာများကြောင့် ခက်ခဲနိုင်ပါသည်။ ကွာခြားချက်မှာ သင့်ကလေး၏ လက္ခဏာများမှာ ကောင်းမလာနိုင်ပါ သို့မဟုတ် ပို၍ပင် ဆိုးဝါးနိုင်ပါသည်။

သွေးအဆိပ်တက်ခြင်း (Sepsis) သည် ရှားပါးသည်၊ သို့သော်လည်း မည်သည့်ကလေးမဆို သွေးအဆိပ်တက်ခြင်း (Sepsis) ဖြစ်ပွားနိုင်ပြီး ကျွန်ုပ်တို့အားလုံးအနေဖြင့် မည်သည့်လက္ခဏာများအား စောင့်ကြည့်ရမည်ကို သိရှိရန် လိုအပ်ပါသည်။

သင့်ကလေးကို သင် အသိဆုံးဖြစ်သည်၊ ထို့ကြောင့် **သင့် အတွင်းစိတ်ကို သင် စိတ်ချယုံကြည်ပါ။** အကယ်၍ သင့်ကလေးသည် ယခင်ထက် ပိုမို နေထိုင်မကောင်းဖြစ်နေလျှင် သို့မဟုတ် ဤနာမကျန်းမှုမှာ ယခင်အခါထက် ထူးခြားနေလျှင် – သင့် ဆရာဝန် သို့မဟုတ် သူနာပြုအား **“သွေးအဆိပ်တက်ခြင်း (Sepsis) ဖြစ်နိုင်သလား။” ဟုမေးမြန်းပါ။**

### အောက်ပါ လက္ခဏာများအနက် တစ်ခုခုဖြစ်ပါက သင့်ကလေးမှာ အလွန် နေထိုင်မကောင်းဖြစ်နေပြီး သွေးအဆိပ်တက်ခြင်း (Sepsis) ဖြစ်နေသည်ဟု ဆိုလိုနိုင်သည်-




နောက်ဆုံးအကြိမ် အချိန်နှင့်တပြေးညီ ပြင်ဆင်ရက် ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၃၁ ရက်

Queensland Government

# ကလေး သွေးအဆိပ်တက်ခြင်း (Sepsis) စစ်ဆေးရမည့် အချက်များ

**အကယ်၍ သင့်ကလေး မသက်သာလျှင် သို့မဟုတ် ပို၍နာမကျန်းဖြစ်လာလျှင် သင့်အတွင်းစိတ်ကို စိတ်ချယုံကြည်ပါ။**
သင့်ကလေးနှင့်သက်ဆိုင်သည့် အကွက်များကို ခြစ်ပြီး သင့် ဆရာဝန် သို့မဟုတ် သူနာပြုကို မေးရန်မှာ **"သွေးအဆိပ်တက်ခြင်း (Sepsis) ဖြစ်နိုင်သလား။"**



## ကိုယ်အပူချိန်

- [ ] အဖျားတက်ပြီး ခိုက်ခိုက်တုန် သို့မဟုတ် လှုပ်ခါနေခြင်း
- [ ] ကိုယ်အပူချိန်နိမ့်နေ ခြင်း (36°C အောက်)
- [ ] 3 လ အထက် ကလေးများအတွက် ကိုယ်ပူအဖျားတက်ခြင်းမှာ (38°C အထက်) 5 ရက် သို့မဟုတ် ထိုထက်ပို၍ဖြစ်ခြင်း
- [ ] 3 လ သို့မဟုတ် အောက် ကလေးများအတွက် မည်သည့်အဖျားတက် ခြင်း မဆို (38°C အထက်)



## အသက်ရှူခြင်း

- [ ] အသက်ရှူသည့်အခါ တအီအီမြည်သံများထွက်နေခြင်း
- [ ] အသက်ရှူခက်ခဲနေခြင်း – နံရိုးအောက်ချိုင့်ဝင်နေခြင်း သို့မဟုတ် ရင်ညွန့်ရိုးအောက် ချိုင့်ဝင်နေခြင်း
- [ ] အသက်ရှူတိုင်း နှာခေါင်းပေါက်များ လှုပ်ရှားနေခြင်း
- [ ] ရင်ဘတ်မှ အက်ကွဲသံများထွက်နေခြင်း



## လုပ်ဆောင်မှုနှင့် လှုပ်ရှားမှု

- [ ] အာရုံမစိုက်နိုင်ခြင်း
- [ ] နိုးကြားမနေခြင်း
- [ ] ကစားချင်စိတ် မရှိခြင်း
- [ ] အနီးအနား ဘာဖြစ်နေသည်ကို စိတ်မဝင်စားခြင်း
- [ ] စိတ်ဆိုးနေပြီး တည်ငြိမ်မလာခြင်း
- [ ] ဂနာမငြိမ်ဖြစ်နေခြင်း
- [ ] လမ်းမလျှောက်နိုင်ခြင်း သို့မဟုတ် လမ်းလျှောက်ရန် ငြင်းဆိုခြင်း
- [ ] လက်မောင်း၊ ခြေထောက်၊ လက် သို့မဟုတ် ခြေတို့ကို အကြောင်းရင်း မရှိဘဲ အသုံးမပြုခြင်း
- [ ] ယခင်ကထက် ပို၍ နေထိုင်မကောင်းဖြစ်နေခြင်း



## နာကျင်ခြင်း

- [ ] အကြောင်းရင်းမရှိဘဲ ခေါင်းကိုက်ခြင်း၊ လည်ပင်း၊ ကြွက်သား၊ ရင်ဘတ်၊ အရိုး သို့မဟုတ် အဆစ် နာကျင်ခြင်း
- [ ] အကိုက်ခဲပျောက်ဆေး ဆေးမတိုးခြင်း



## အရေပြား

- [ ] ခြေလက် အေးနေခြင်း
- [ ] အရေပြား အထိမခံ နာနေခြင်း
- [ ] အရေပြားအားလုံး နီရဲနေခြင်း
- [ ] အဖု အပိမ့်ထွက်ခြင်း



## အိမ်သာသွားခြင်း

- [ ] 12 နာရီ သို့မဟုတ် ထိုထက်ပိုပြီး ဆီးမသွား သို့မဟုတ် ကလေး အနှီး စိုမနေခြင်း
- [ ] အနှီးအနည်းငယ်သာ သုံးရပြီး ခါတိုင်းကဲ့သို့ မများခြင်း
- [ ] မစင်တွင် သွေးပါခြင်း
- [ ] 24 နာရီအတွင်း အရည်သက်သက် ဝမ်းလျှောသည့် အကြိမ်ရေ 5 ကြိမ်နှင့်အထက်



## စားခြင်းနှင့်သောက်ခြင်း

- [ ] အန်နေခြင်းကြောင့် ရေဓါတ်ထိန်းသိမ်းရခက်ခဲနေခြင်း
- [ ] အစိမ်းရောင် သို့မဟုတ် အနက်ရောင် သို့မဟုတ် သွေးပါသည့် အန်ဖတ်များ
- [ ] စားစရာ သို့မဟုတ် သောက်စရာ စားသောက်ချင်စိတ် မရှိခြင်း
- [ ] အလွန် ရေငတ်ခြင်း
- [ ] ပါးစပ်၊ နှုတ်ခမ်းများ သို့မဟုတ် လျှာ ခြောက်ခြင်း တို့ဖြစ်ကြသည်။

**နာမကျန်းမှုများမှာ ပြောင်းလဲနိုင်ပါသည် – သင်၏ အတွင်းစိတ်ကို စိတ်ချယုံကြည်ပါ။ သင့်ကလေးသည် မကြာသေးမီက ဆရာဝန်နှင့်ပြသပြီးသည့်တိုင် အကယ်၍ သင့်ကလေးတွင် သွေးအဆိပ်တက်ခြင်း (Sepsis) ဖြစ်နေနိုင်သည်ဟု သင် ထင်မြင်လျှင် ဆေးရုံသို့ ပြန်လာပြီး "သွေးအဆိပ်တက်ခြင်း (Sepsis) ဖြစ်နိုင်သလား။" ဟုမေးမြန်းပါ။**

Visit www.childrens.health.qld.gov.au/Sepsis